ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၄. ၁၂. ၂၀၁၅) ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၁၂)ဖြစ်ပါတယ်။အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ယစ်မျိုးခွန် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းနု၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အနေနဲ့ ဒီကနေ့ပြုလုပ်ကျင်းပတဲ့အစည်းအဝေးမှာပြီးခဲ့သောအရေးပေါ် အစည်းအဝေး (၁/၂၀၁၅)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)နှင့် ပတ်သက်ပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။

<u>ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး(၁/၂၀၁၅)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှ တင်သွင်းသည့် ရှမ်းပြည်နယ် ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာ</u>

နိဒါန်း

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၅) ၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား ၅၊ အပိုဒ်(၂)၌ ဖော်ပြပါရှိသည့် လုပ်ပိုင်ခွင့်အရ တင်သွင်းလာသည့် ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ် လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေ ပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲအပ် ပေးပို့လာ သဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို ၃-၁၂-၂၀၁၅ တွင် စိစစ်သုံးသပ် ဆွေးနွေး ညှိနှိုင်းကြပြီးပြင်ဆင်ရန် အကြံပြုချက် အစီရင်ခံစာကိုနည်းဥပဒေ ၆၆ နှင့်အညီပြုစုတင်ပြခြင်းဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်

ဥပဒေမှာဖွဲ့စည်းပုံအခြေခံ ဥပဒေဇယား ၂ ၏ ညွှန်ပြချက်နှင့်အညီ တည်ဆဲ ဥပဒေများဖြစ်သည့် ၁၉၁၇ ခုနှစ် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေနှင့် ၁၉၂၈ ခုနှစ် မြန်မာနိုင်ငံယစ်မျိုး နည်းဥပဒေ၊ ၁၉၅၉ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၊ ကျင့်သုံးမှုအက်ဥပဒေ၊ ၁၉၆၀ ပြည့်နှစ်ယစ်မျိုးဥပဒေ၊ ပြင်ဆင်ချက် ဥပဒေ၊ ၁၉၆၁ ခုနှစ် မြန်မာနိုင်ငံယစ်မျိုး ပြင်ဆင်ချက်အက်ဥပဒေ၊ ၁၉၅၂ ခုနှစ် ရှမ်းပြည်နယ်ယစ်မျိုးအမိန့် တို့ကို ကိုးကား၍ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူလူထုများသိရှိလိုက်နာနိုင်ရန် ရေးဆွဲသည့်ဥပဒေဖြစ်ပါသည်။

အရက်သေစာသောက်စားခြင်း အလေ့အထပြန့်ပွားခြင်းကို အားပေးခြင်းမရှိစေရန်၊ တရားမဝင် ထုတ်လုပ်မှုနှင့် ရောင်းချမှုများ မရှိစေရန်၊ အခွန်စည်းကြပ်ကောက်ခံခြင်းဖြင့် အရက်သေစာ သောက်စားမှု လျော့ပါးရန်၊ ပြည်နယ်၏ ရသင့်ရထိုက်သော အခွန်ငွေကိုရရှိစေရန်နှင့် သောက်သုံးသူများ၏ ကျန်းမာရေးကို မထိခိုက်စေရန် ရည်ရွယ်၍ပြဋ္ဌာန်းနိုင်ရေး တင်ပြခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း ၆ ခန်း၊ ပုဒ်မပေါင်း ၁၅ ခုပါဝင်ပြီး ဤကော်မတီ၏ စိစစ်လေ့လာ တွေ့ရှိချက်အရ ပြည့်စုံသည့်ဥပဒေဖြစ်ပါသည်။ အခန်း ၁ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဃ)အားပြင်ဆင်သင့် ပါကြောင်း၊ ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်း ရခြင်းဖြစ်ပါသည်။

တင်ပြချက်

ဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင်ရန် အကြံပြုချက်မှာ အခန်း(၁)၊ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (က)တွင် “ဝန်ကြီးဌာနဆိုသည်မှာ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကိုဆိုသည်” စကားရပ်အစား “ပြည်နယ် ဦးစီးဌာနဆိုသည်မှာ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကိုဆိုသည်” စသည်ဖြင့် အစားထိုးပြင်ဆင် သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးမှဆွေးနွေးရန်ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်း ခဲ့သော ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ယစ်မျိုးခွန် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်မရှိပါသဖြင့် လွှတ်တော်မှအတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင် ထားသည့်အချက်ကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်)

လွှတ်တော်က သဘောတူသည့်အတွက် ၎င်းပြင်ဆင်ချက် သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်သည့် အတွက် ပြင်ဆင်ချက်သည် ဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ရှမ်းပြည်နယ် ယစ်မျိုးခွန် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၅) ဒုတိယနေ့ ၁၉-၈-၂၀၁၅ ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ သော ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးပါရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးစိုးမိုးအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။ ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေနှင့် စပ်လျဉ်း၍ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန်တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ဒုတိယနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ယစ်မျိုးခွန် ဥပဒေ(မူကြမ်း)အား လွှတ်တော် ကိုယ်စားလှယ်များမှ အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်)

လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူသည့်အတွက် ရှမ်းပြည်နယ်ယစ်မျိုးခွန်ဥပဒေ(မူကြမ်း)အား လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။